# Highlights from DVB Debate's Traffic Jam

# May 2, 2015

# "Why is the Traffic Policy jammed?"

"ယာဉ်ကြောကျပ်တည်းမှုဖြေရှင်းတဲ့ မူဝါဒအနေနဲ့တော့ အားနည်းတယ်လို့ မထင်ပါဘူး။ ဒါပေမယ့် အစိုးရဌာနတွေမှာ ကိုယ့်ဌာနအပြင် တခြားဌာနတွေနဲ့ပါ အချင်းချင်း ပူးပေါင်းပြီး မူဝါဒကို အကောင်အထည်ဖော်မှုအပိုင်း အားနည်းနေတာ"

ဦးလျန်ကျင့်မန် - ညွှန်ကြားရေးမှူး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

---

"ကျနော်တို့ဆီမှာ ကားအစီးရေတွေများနေပြီထင်နေကြတယ် အမှန်က မများလှဘူး တနိုင်ငံလုံးအတိုင်းအတာ မော်တော်ယာဉ်အစီးရေ ၇ သိန်းမှာ ရန်ကုန်မြို့မှာ ၄ သိန်းကျော်ပဲရှိတယ်။ လိုအပ်နေတာက မော်တော်ယာဉ်စီမံခန့်ခွဲမှု ပေါ်လစီ၊ စီမံခန့်ခွဲမှုကောင်းရင် ဒီလောက် ကျပ်တည်းမနေဘူး"

ဦးအောင်မြင့် - မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဒုဥက္ကဋ္ဌ

---

"ယာဉ်ကြောကျပ်တည်းမှုကို ကျနော်တို့ မ.ထ.သ ဂန်ထမ်းတွေလဲ ခံစားနေရတာပဲ။ ယာဉ်လုပ်သားတွေက ယာဉ်ပိုင်ရှင်ကို ပေးရမယ့် ဂင်ငွေရရေးအတွက် ကျော်တက်၊ ခွမောင်းတယ်၊ လူတွေအများကြီး တင်တာတွေဖြစ်တယ်။ ဒီတော့ ယာဉ်တွေကိုလည်း ပုဂ္ဂလိကပိုင်စနစ်ကနေ အများပိုင်စနစ်ပြောင်းလဲမှုမျိုးတွေ လုပ်သင့်နေပါပြီ။"

ဦးလှအောင် - ဉက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီ

---

"ကျနော်တို့လို ပြည်သူတွေအနေနဲ့တော့ မူဝါဒတွေ ကောင်း၊ မကောင်းတော့မသိဘူး။ ဘတ်စ်ကားတွေက တအားမောင်း၊ လူတွေကကျပ်နဲ့ နေ့တိုင်း ဒုက္ခဆင်းရဲကို ခံနေရတယ်"

ဦးသန်းဦး - ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)

---

"ကျနော်တို့မြို့ဟာ ကားမရှိရင် တခြားနည်းလမ်းနဲ့သွားလာရေးစနစ်မရှိသလိုဖြစ်နေတယ်။ ကားတမျိုးထဲ အားကိုးနေရတဲ့ စနစ်ကို ပြောင်းရမယ်..ရထားတွေအဆင့်မြှင့်မယ်.၊ ရန်ကုန်ဘူတာကြီးဆို အဲကနေထွက်ရင် ဘယ်ဘတ်စ်ကားဂိတ်နဲ့မှ မနီးဘူး။ ဘူတာက ထွက်တာနဲ့ ကားဂိတ်၊ လေဆိပ်တွေဆီ သွားလို့ရမယ့် စနစ်မျိုး"

ဒေါက်တာ ကျော်သူ - မြို့ပြရေးရာသုတေသနနှင့်ဖွံ့ဖြိုးရေးအင်စတီကျု့ ပရိုဂရမ်အရာရှိ (ကုလသမဂ္ဂမြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးအစီအစဉ်)

---

"လက်ရှိ ခုံးကျော်တံတားတွေက တကြောင်းထိုးနည်း..ဖားခုန်သလိုဖြစ်နေတယ်။ တံတားပေါ်မှာရှင်းသွားပေမယ့် အောက်မှာတော့ဖြစ်ချင်သလိုဖြစ်နေတယ်။ ဥပမာ လှည်းတန်းခုံးကျော်တံတားကြောင့် ဟံသာဝတီမှာ သွားပိတ်နေသလိုမျိုး။ သာကေတခုံးကျော်တံတားလိုမျိုး ၄ မွှာပုံစံမျိုးလုပ်ရင် ပြေလည်နိုင်မလားပေါ့... သုတေသနမလုပ်၊ မတွက်ချက်ဘဲ မလုပ်သင့်ဘူး။"

ဦးအောင်မြင့် - မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဒုဥက္ကဋ္ဌ

---------